မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်း

NEWSLETTER

JANUARY 2023, ISSUE

# ပထမအကြိမ် မန္တလေးတိုင်းဒေသကြီး အထည်ချုပ်လုပ်ငန်းရှင်များအသင်း အသင်းသားစုံညီတွေ့ဆုံပွဲ

“ မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်း (MGMA) သည် မန္တလေးတိုင်းဒေသကြီးအထည်ချုပ်လုပ်ငန်းရှင်များအသင်း (MRGMA) အားဒေသတွင်းအဆင့်အသင်းအဖွဲ့ တစ်ခုဖြစ်လာစေရန် တွဲဖက်အသင်းအဖွဲ့ တစ်ခုအဖြစ် ပံ့ပိုးပေးခဲ့ပြီး ပိုမိုခိုင်မာသောအသင်းအဖွဲ့တစ်ခုဖြစ်လာစေရန်ရေရှည်တည်တံ့သောဖွံ့ဖြိုးတိုးတက်မှုဆီသို့ကြီးမားသောပံ့ပိုးကူညီမှုနှင့် လမ်းညွှန်မှုများကို ပံ့ပိုးပေးခဲ့ပါသည်။ ”

စာ - ၂











# မာတိကာ

## Activities and News


ပထမအကြိမ် မန္တလေးတိုင်းဒေသကြီးအထည်ချုပ်လုပ်ငန်းရှင်များအသင်း အသင်းသားစုံညီ တွေ့ဆုံပွဲ........ ၂-၃

CMP လုပ်ငန်းများငွေကြေးဆိုင်ရာ အဆင်ပြေချောမွေ့စွာ လည်ပတ်နိုင်ရန်ညှိနှိုင်းအစည်းအဝေး.............. ၄-၅

လစဉ် MGMA အလုပ်အမှုဆောင်အစည်းအဝေး ...................................................... ၆

စက်ရုံလုပ်ငန်းခွင်လက်တွေ့အသုံးချအလုပ်သမားဥပဒေသင်တန်း (Compulsory Training) အမှတ်စဉ် (၈-၉) ၇

Industrial Engineering Training (သင်တန်းအမှတ်စဉ် - ၇၄)...................................................... ၈

အခြေခံမော်တာစက်ချုပ်သင်တန်း အမှတ်စဉ် (၂၁၄) ................................................................. ၉

အလုပ်သမားဥပဒေလေးစားလိုက်နာမှုဆိုင်ရာ ကိုယ့်ကိုယ်ကို အကဲဖြတ်စစ်ဆေးခြင်းအစီအစဉ် (VLCA).... ၁၀


## Upcoming Activities

| *No.* | *Descriptions* | *Date & Time* | *Venue* |
|---|---|---|---|
| 1. | Voluntary Labour Compliance Assessment Program in factories | TBC | TBC |
| 2. | Labour Law Awareness Training – Compulsory Program (Batch – 10 & 11) | February 14 and 23 | MGHRDC |
| 3. | Annual review meeting for project activities (AAM project) | February 6 - 10 | TBC |

## Membership Update


New Members in January 2023 ........................................................... ၁၁

Membership update as of January 2023 ................................................. ၁၁

# ပထမအကြိမ် မန္တလေးတိုင်းဒေသကြီး အထည်ချုပ်လုပ်ငန်းရှင်များအသင်း အသင်းသားစုံညီတွေ့ဆုံပွဲ

မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်း(MGMA) သည် မန္တလေးတိုင်းဒေသကြီးအထည်ချုပ်လုပ်ငန်းရှင်များအသင်း(MRGMA) အားဒေသတွင်းအဆင့်အသင်းအဖွဲ့ တစ်ခုဖြစ်လာစေရန် တွဲဖက်အသင်းအဖွဲ့ တစ်ခုအဖြစ် ပံ့ပိုးပေးခဲ့ပြီး ပိုမိုခိုင်မာသောအသင်းအဖွဲ့တစ်ခုအတွက် ရေရှည်တည်တံ့သောဖွံ့ဖြိုးတိုးတက်မှုဆီသို့ ကြီးမားသောပံ့ပိုးကူညီမှုနှင့် လမ်းညွှန်မှုများကို ပံ့ပိုးပေးခဲ့ပါသည်။




MRGMA သည် ၂၀၂၀ ခုနှစ်မှစတင်၍ဖွဲ့စည်းတည်ထောင်ခဲ့ပြီး အသင်းအား မန္တလေးတိုင်းဒေသကြီး အတွင်း၌ အထည်ချုပ်ကဏ္ဍ ထိရောက်စွာဖွံ့ဖြိုးတိုးတက်လာအောင် လုပ်ဆောင်နိုင်စေရန်အတွက် MGMA မှတွဲဖက်အသင်းအဖြစ် ပံ့ပိုးကူညီပေးလျက်ရှိသည်။

စဉ်ဆက်မပြတ် ပံ့ပိုးကူညီမှုအနေဖြင့် ပထမအကြိမ် မန္တလေးတိုင်းဒေသကြီးအထည်ချုပ်လုပ်ငန်းရှင်များ အသင်း အသင်းသားစုံညီတွေ့ဆုံပွဲ ကို ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၂၃ ရက်တွင် Hotel Mandalay ၌ပြုလုပ်ခဲ့သည်။

အခမ်းအနားတွင် MGMA ၏ ဥက္ကဋ္ဌ ဦးမြင့်စိုးမှ အဖွင့်အမှာစကားပြောကြားခဲ့ပြီး MRGMA ၏ ဥက္ကဋ္ဌ ဒေါ်လေးလေးမွန်မှ ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားခဲ့သည်။




Chairman of MGMA giving Opening Remarks

MRGMA ၏ တွဲဖက်အတွင်းရေးမှူးမှ MRGMA ဖြစ်ပေါ်လာပုံနှင့်လုပ်ဆောင်ချက်များကိုရှင်းလင်းတင်ပြခဲ့ပြီး Panel Discussion တွင် MGMA မှအလုပ်အမှုဆောင်အဖွဲ့ဝင်များ နှင့် MRGMA အသင်းဝင်များက "How to promote in strengthen local market in Mandalay region" ခေါင်းစဉ်ကို အမေးအဖြေကဏ္ဍများဖြင့် ဆွေးနွေးခဲ့ကြသည်။ ထို့နောက် MRCCI ၏ ဥက္ကဋ္ဌမှ အပိတ်နှုတ်ဆက်စကားပြောကြားခဲ့ပြီး MRGMA မှ ကျေးဇူးတင်ဂုဏ်ပြုလက်ဆောင်များပေးအပ်ကာ အမှတ်တရ စုပေါင်းဓါတ်ပုံများရိုက်ကူးခဲ့သည်။

JUKI, CHUBB Life Insurance, Sal Pyar Zay Electronic နှင့် JIN တို့မှ အခမ်းအနားကို ပံ့ပိုးကူညီခဲ့သည်။ အခမ်းအနားသို့ MGMA နှင့် MRCCI တို့၏ ဥက္ကဋ္ဌများ၊ MGMA ၏အလုပ်အမှုဆောင်အဖွဲ့ဝင်များ နှင့် MRGMA အသင်းဝင်များ၊ အသင်းဝင်စက်ရုံများနှင့် ဆက်စပ်လုပ်ငန်းများမှ လုပ်ငန်းရှင်များ တက်ရောက်ခဲ့ကြသည်။



**MRGMA giving Appreciation Award**



**Chairman of MRCCI giving Closing Remarks**



**Chairman of MRGMA giving Welcome Note**



**Joint Secretary of MRGMA presenting " Journey of MRGMA "**



**Panel Discussion**



**Guests**

# CMP လုပ်ငန်းများငွေကြေးဆိုင်ရာ အဆင်ပြေချောမွေ့စွာ လည်ပတ်နိုင်ရန်ညှိနှိုင်းအစည်းအဝေး



အလုပ်သမားဝန်ကြီးဌာန၊ CMP လုပ်ငန်းများ ကြီးကြပ်ရေးကော်မတီ တို့မှ ကြီးမှူးပြီး CMP လုပ်ငန်းများငွေကြေးဆိုင်ရာအဆင်ပြေချောမွေ့စွာ လည်ပတ်နိုင်ရန်ညှိနှိုင်းအစည်းအဝေးကို ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၁၁ ရက်တွင် UMFCCI Office Tower (မင်္ဂလာခန်းမ) ၌ပြုလုပ်ခဲ့သည်။ အစည်းအဝေးတွင် CMP လုပ်ငန်းများ ကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ၊ အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးမှအဖွင့်အမှာစကားပြောကြားခဲ့ပြီး ဗဟိုဘဏ်ဥက္ကဋ္ဌမှ အတိုချုပ်အမှာစကားပြောကြားခဲ့သည်။ ထို့နောက် ကုန်သွယ်မှုနှင့်ကုန်စည်စီးဆင်းမှုများမှန်ကန်မြန်ဆန်စေရေးဗဟိုကော်မတီမှ CMP လုပ်ငန်းများ၏ ငွေကြေးဆိုင်ရာ ကိစ္စများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။

CMP စက်ရုံများ၏လက်ရှိကြုံတွေ့နေရသောငွေကြေးဆိုင်ရာအခက်အခဲများနှင့်လက်ရှိစက်ရုံများ၏အခြေအနေများကို Chinese Textile & Garment Association in Myanmar (CTGA) မှ Mr. San Khun မှလည်းကောင်း၊ Japan Garment Manufacturers Association (JGMA) မှ Mr.Tadaki Kawaet မှလည်းကောင်း၊ Hong Kong Myanmar Manufacturers' Association Limited (HKMMA) မှ Mr.Frankie Lau မှလည်းကောင်း၊ from Korea Garment Association in Myanmar (KOGAM) မှ Mr.Ryan Kim မှလည်းကောင်း၊ Maple Garment Factory မှ ဒေါ်ကြွေကြွေဇင်မှလည်းကောင်း အသီးသီးတင်ပြခဲ့ကြသည်။ ဆက်လက်၍ သက်ဆိုင်ရာဝန်ကြီးဌာနများဘက်မှ တင်ပြချက်များအပေါ် လုပ်ဆောင်ပေးနိုင်သည့်အခြေအနေများကို အသီးသီးပြန်လည်တင်ပြဆွေးနွေးခဲ့ကြသည်။

CMP လုပ်ငန်းများကြီးကြပ်ရေးကော်မတီ ဥက္ကဋ္ဌ၊ အလုပ်သမားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးမှ နိဂုံးချုပ်အမှာစကားပြောကြားခဲ့ပြီး အခမ်းအနားကိုရုပ်သိမ်းခဲ့သည်။ အစည်းအဝေးသို့ CMP လုပ်ငန်းများ ကြီးကြပ်ရေးကော်မတီ ဥက္ကဋ္ဌ၊ အလုပ်သမားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး၊ DICA, OSS, ဗဟိုဘဏ်၊ UMFCCI, မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံစက်မှုကုန်ထုတ်လုပ်သူများအသင်း နှင့် CMP စက်ရုံများမှတာဝန်ရှိလူကြီးမင်းများ တက်ရောက်ခဲ့ကြသည်။



Chief Secretary General of UMFCCI Daw Khine Khin Nwe giving brief remarks



Daw Kway Kway Zin from Maple garment factory explain ground situation



Guests



Guests



Mr. San Khun from from CTGA explain ground situation



Mr.Tadaki Kawaet from JGMA explain ground situation



Mr.Ryan Kim from from KOGAM explain ground situation



Mr.Frankie Lau from HKMMA explain ground situation


## လစဉ် MGMA အလုပ်အမှုဆောင်အစည်းအဝေး



လစဉ်ပုံမှန်ပြုလုပ်လျက်ရှိသော MGMA အလုပ်အမှုဆောင်များ၏အစည်းအဝေးကို ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၇ ရက်က MGMA အစည်းအဝေးခန်း၌ပြုလုပ်ခဲ့သည်။

အစည်းအဝေးအား MGMA ၏မန်နေဂျင်းဒါရိုက်တာမှသဘာပတိအဖြစ်ဦးဆောင်စတင်ခဲ့ပြီး အလုပ်အမှုဆောင်များမှ ဒီဇင်ဘာလတွင်ပြုလုပ်ခဲ့သောဝန်ထမ်းများစွမ်းရည်မြှင့်တင်ရေးအလုပ်ရုံဆွေးနွေးပွဲ၏သုံးသပ်တင်ပြချက်များ၊ MGMA မှတွဲဖက်လုပ်ဆောင်ခဲ့သော MRGMA ၏ Team Building Workshop နှင့်ပတ်သက်သည့်သုံးသပ်ချက်များ၊ AFTEX Country Meeting in Vietnam ၏ အစည်းအဝေးသုံးသပ်ချက်များ၊ ၂၀၂၃ ဇူလိုင်လ Apparel Sourcing summer edition in Paris, Messee Frankfurt သို့ အသင်းမှ " Made in Myanmar " ပြခန်းအဖြစ် နိုင်ငံတကာပြပွဲသို့သွားရောက်ပြသရေး နှင့် အသင်းနှစ်ပတ်လည်အစည်းအဝေး (AGM) ကို မကြာမီကာလတွင် ကျင်းပနိုင်ရေးကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

အစည်းအဝေးသို့ MGMA ၏ အလုပ်အမှုဆောင်အဖွဲ့ဝင်များမှတက်ရောက်ခဲ့ကြပြီး ဥက္ကဋ္ဌ၊ ဒုဥက္ကဋ္ဌများ၊ အထွေထွေအတွင်းရေးမှူး၊ ဗဟိုအလုပ်အမှုဆောင် နှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များ တက်ရောက်ခဲ့ကြသည်။



# စက်ရုံလုပ်ငန်းခွင်လက်တွေ့အသုံးချအလုပ်သမားဥပဒေသင်တန်း

## (Compulsory Training) အမှတ်စဉ် (၈-၉)

မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်း (MGMA) မှကြီးမှူးကာ စက်ရုံလုပ်ငန်းခွင်လက်တွေ့အသုံးချအလုပ်သမားဥပဒေသင်တန်း (Compulsory Training) အမှတ်စဉ် (၈-၉) ကို ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၁၂ ရက်နှင့် ၂၄ ရက်များတွင် မြန်မာနိုင်ငံအထည်ချုပ်လူ့စွမ်းအား အရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး စင်တာ (MGHRDC) ၌ပြုလုပ်ခဲ့သည်။



Batch – 8 Group Photo



Batch – 9 Group Photo

အဆိုပါသင်တန်းကို MGMA ၏စည်းမျဉ်းစည်းကမ်းများအရမဖြစ်မနေတက်ရောက်သင့်သည့်သင်တန်းဖြစ်ပြီး အသင်းဝင်အထည်ချုပ်စက်ရုံများတွင်အလုပ်သမားဥပဒေလေးစားလိုက်နာမှုခိုင်မာအားကောင်းစေရန်ရည်ရွယ်ပြုလုပ်ခြင်းဖြစ်သည်။ သင်တန်းတွင် MGMA ၏ Labour Officer ဦးမင်းစိုးဟန်မှ Induction & Employment, Working Hours & Overtime, Paying Wages, Workplace Relations, Settlement of Disputes & WCC and Labour Organization များကို ဆွေးနွေးမှုများ၊ အမေးအဖြေ ကဏ္ဍများဖြင့်သင်ကြားပေးခဲ့သည်။



Labour Officer presenting Labour Law Awarness



Q & A Session



Q & A Session

သင်တန်းသို့ အသင်းဝင်စက်ရုံ (၃၀) ရုံ မှ HR ဌာန နှင့် Production ဌာနမှ ဝန်ထမ်းဦးရေ (၅၄) ယောက်တက်ရောက်ခဲ့သည်။ MGMA အနေဖြင့် အထည်ချုပ်လုပ်ငန်းစဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးရည်မှန်းချက်၏တစ်စိတ်တစ်ပိုင်းအနေဖြင့် သင်တန်းကိုလစဉ်ပုံမှန် ပြုလုပ်သွားမည်ဖြစ်သည်။

## Industrial Engineering Training (သင်တန်းအမှတ်စဉ် - ၇၄)



မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်း (MGMA) မှကြီးမှူးပြီး အထည်ချုပ်စက်ရုံများ အတွက် Industrial Engineering Training (သင်တန်းအမှတ်စဉ် - ၇၄) ကို ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၉ ရက်မှ ၂၀ ရက်နေ့ထိ (၁၁ ရက်ကြာ) မြန်မာအထည်ချုပ်လုပ်ငန်းလူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး စင်တာ (MGHRDC) ၌ပြုလုပ်ခဲ့သည်။

သင်တန်းကို အထည်ချုပ်စက်ရုံများတွင် အရည်အချင်းပြည့်မီသောထုတ်လုပ်မှုကိုမြှင့်တင်ရန်ရည်ရွယ်ချက်ဖြင့် စီစဉ်ခဲ့ခြင်းဖြစ်ပြီး အထည်ချုပ်စက်ရုံများတွင်စက်မှုအင်ဂျင်နီယာသင်တန်းများပို့ချပေးသည့်အတွေ့အကြုံရှိသည့် MGHRDC မှသင်တန်းဆရာမများမှ စက်ရုံများသို့ကွင်းဆင်းလေ့လာခြင်းများ၊ အဖွဲ့လိုက်တင်ပြမှုများဖြင့်သင်ကြားပေးခဲ့သည်။ သင်တန်းသို့ MGMA အသင်းဝင်စက်ရုံမှ သင်တန်းသား (၂၅) ယောက်တက်ရောက်ခဲ့ပြီး သင်တန်းဆင်းလက်မှတ်များ ပေးအပ်ခဲ့သည်။



MGHRDC trainers lecturing Industrial Engineering



MGHRDC trainers lecturing Industrial Engineering



Group Presentation




Study Tour to factory



Group Presentation



Awarding Certificate

# အခြေခံမော်တာစက်ချုပ်သင်တန်း အမှတ်စဉ် (၂၁၄)

မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်း (MGMA) မှကြီးမှူးပြီး အခြေခံမော်တာစက်ချုပ်သင်တန်း အမှတ်စဉ် (၂၁၄) ကို ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၂ ရက်မှ ၂၀ ရက်နေ့ထိ မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းလူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးစင်တာ (MGHRDC) ၌ပြုလုပ်ခဲ့သည်။

သင်တန်းတွင် အထည်ချုပ်လုပ်ခြင်းဆိုင်ရာတွင် သိသင့်သိထိုက်သည့်ဗဟုသုတများ၊ ချုပ်နည်းအဆင့်ဆင့်များကို လက်တွေ့သင်ကြားမှုများဖြင့် သင်ကြားပေးခဲ့ပြီး MGMA ၏ အလုပ်သမားရေးရာအရာရှိမှ အလုပ်သမားဥပဒေဆိုင်ရာသိကောင်းစရာများကို ရှင်းလင်းပြောကြားပေးခဲ့သည်။

သင်တန်းသို့ သင်တန်းသား(၄၁)ယောက်တက်ရောက်ခဲ့ပြီး သင်တန်းဆင်းလက်မှတ်များပေးအပ်ခဲ့သည်။





Practice Session



Practice Session



MGHRDC trainer presenting sewing methods



MGHRDC trainer presenting sewing methods



Practice Session




Practice Session

# အလုပ်သမားဥပဒေလေးစားလိုက်နာမှု ဆိုင်ရာ ကိုယ့်ကိုယ်ကို အကဲဖြတ်စစ်ဆေးခြင်းအစီအစဉ် (VLCA)



GTIG Huasheng (Myanmar) Co.,Ltd



GTIG Huasheng (Myanmar) Co.,Ltd

မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်း၏ အလုပ်သမားဥပဒေလေးစားလိုက်နာမှုဆိုင်ရာ ကိုယ့်ကိုယ်ကိုအကဲဖြတ်စစ်ဆေးခြင်း (VLCA)အစီအစဉ်အဖြစ် ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ တွင် အသင်းဝင်စက်ရုံ (၂) ရုံကိုသွားရောက် အကဲဖြတ်စစ်ဆေးခဲ့သည်။

အဆိုပါ စက်ရုံ ၂ ရုံမှာ Top Line Global Co.,Ltd နှင့် GTIG Huasheng (Myanmar) Co.,Ltd. တို့ဖြစ်သည်။ လှိုင်သာယာမြို့နယ်ရှိ Top Line Global Co.,Ltd သို့ ဇန်နဝါရီလ ၁၉ ရက်တွင်လည်းကောင်း၊ ရွှေပြည်သာမြို့နယ်ရှိ GTIG Huasheng (Myanmar) Co.,Ltd သို့ ဇန်နဝါရီလ ၂၀ ရက်တွင်လည်းကောင်းသွားရောက်စစ်ဆေးခဲ့သည်။ စက်ရုံများတွင် MGMA ၏ Labour Officer မှ VLCA အစီအစဉ်တွင်အကျုံးဝင်သည့် စာရွက်စာတမ်းအားလုံးနှင့်ကိုက်ညီမှုရှိ၊မရှိကိုအသေးစိတ်ကြည့်ရှုစစ်ဆေးခဲ့သည်။

Voluntary Labour Compliance Assessment သည် ၂၀၁၉ ခုနှစ်တွင် MGMA နှင့် ILO/ACTEMP တို့ပူးပေါင်းအကောင်အထည်ဖော်ခဲ့သည့် အလုပ်သမားဥပဒေလေးစားလိုက်နာမှုဆိုင်ရာကိုယ့်ကိုယ်ကို အကဲဖြတ်စစ်ဆေးခြင်းအစီအစဉ်တစ်ခုဖြစ်ပြီး ၂၀၂၀ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၇ ရက် တွင် တရားဝင်ကြေညာခဲ့သည်။



Top Line Global Co.,Ltd



Top Line Global Co.,Ltd

## UPCOMING ACTIVITIES

| No. | Description | Date & Time | Venue |
|---|---|---|---|
| 1. | Voluntary Labour Compliance Assessment Program in factories | TBC | TBC |
| 2. | Labour Law Awareness Training – Compulsory Program (Batch – 10 & 11) | February 14 and 23 | MGHRDC |
| 3. | Annual review meeting for project activities (AAM project) | February 6 - 10 | TBC |

## MEMBERSHIP UPDATE

New Members in January 2023

| **Country** | **No. of New Member Factories** |
|---|---|
| China | 6 |
| Total | 6 |

Membership Update as of January 2023

| **Status** | **Country** | **No. of Factories** |
|---|---|---|
| Active | Myanmar | 69 |
| | China | 307 |
| | Korea | 54 |
| | Japan | 18 |
| | Others | 22 |
| | Joint Venture | 28 |
| | Local, Sub-Con, Marketing, Inspection ,Textile | 49 |
| Total (Active) | | 547 |
| Total (Inactive) | | 249 |
| Grand Total | | 796 |